# လွှတ်တော် သမ္မတ အားပြိုင်ကြသလား

သတင်းရင်းမြစ် > ဦးကြည်မြင့် (လသာ)
သောကြာနေ့၊ ဩဂုတ်လ ၁၆ ရက် ၂၀၁၃ ခုနှစ် ၁၁ နာရီ ၃၂ မိနစ်

၂၀၁၁ ဒီမိုကရေစီနိုင်ငံသစ်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်၊ အထူးသဖြင့်
ဥပဒေပြုရေး ကဏ္ဍတွင် ပြည်ထောင်စုအစရှိသော လွှတ်တော်၏ ဖွဲ့စည်းဖြစ်ပေါ် လည်ပတ်လုပ်ကိုင်နေပုံကို
အကြောင်းပြု၍ ယနေ့နှစ်နှစ်ခွဲမျှကြာပြီဖြစ်သော ကမ္ဘာ့ရှာမိသားစုနိုင်ငံများကြား နိုင်ငံရေး၊ လူမှုရေး၊
စီးပွားရေးနှင့် ဒီမိုကရေစီ
နိုင်ငံတော်သစ် ထူထောင်ရေးတို့ ဖြစ်ပေါ်တိုးတက်နေပုံ၊ ယင်း၏ ဒုတိယသက်တမ်းကို စတင်ခြေလှမ်းမည့်
၂၀၁၅ ရွေးကောက်ပွဲနှင့် နိုင်ငံတော်၏ အလားအလာတို့ကို ခန့်မှန်းတွေ့မြင်နိုင်ပါသည်။

## အရေးကြီးနှစ်ချက်

လွှတ်တော်သည် အစဉ်အလာအားဖြင့် တစ်သီးပုဂ္ဂလနိုင်ငံရေးသမားပါတီ အဖွဲ့အစည်းဝင် နိုင်ငံရေးသမားတို့၏
ကိုယ်ပိုင်/ပါတီ မူဝါဒလမ်းစဉ် (ခေါ်) ယုံကြည်ချက်၊ ခံယူချက်တို့ကို ကာယကံရှင်ရွေးကောက်ပွဲဝင်မည့် အမတ်
လောင်းတစ်ဦးချင်း၏ လုပ်ရည်ကိုင်ရည်၊ ပညာရည်၊ စာရိတ္တ၊ သမိုင်းအစရှိ သည်တို့နှင့်ပေါင်းစပ်ကာ မဲဆန္ဒရှင်
ပြည်သူများထံချပြပြီး ပြည်သူတို့က မဲပေးရွေးချယ်မှုအရ ပြည်သူ့ ကိုယ်စားလှယ် (အမတ်)အဖြစ် ရောက်ရှိ
တက်ရောက်ရသော ပြည်သူတို့အာဏာပိုင်စိုးမှု(နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင်အစစ်သည် နိုင်ငံသား
ပြည်သူများ
ဖြစ်မှု)ကို ဖော်ထုတ်ပြသသည့် တိုင်းပြည်နိုင်ငံ လူ့အဖွဲ့အစည်း တစ်ခု၌အမြင့်ဆုံးသော
အာဏာပိုင်အဖွဲ့အစည်းကြီး
ဖြစ်ပါသည်။

ဤအချက်ကို ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများ၌ ဦးထိပ်ထားလေ့ရှိပါသည်။ သို့သော် တရားဥပဒေ
စိုးမိုးရေး Rule Of Law နှင့် တည်ငြိမ်အေးချမ်းရေး၊ စီးပွားတိုးတက်ဖွံ့ဖြိုးရေး၊ စီးပွားတိုးတက်ဖွံ့ဖြိုးရေး၏
အသီးအပွင့်ကို နိုင်ငံသားအားလုံးကြား ပျံ့နှံ့ခံစားရရေး၊ အထူးသဖြင့် အောက်ခြေပြည်သူလူထုနှင့် အထက်လွှာ
လူချမ်းသာတို့အကြား ဆင်းရဲချမ်းသာကွာအချက် လျော့နည်းရေးနှင့် လူမှုဘဝလုံခြုံရေး ဆန်ခါတင် Social
Security Safety Net မြင့်မားလာရေး စသည်တို့အတွက် ထိရောက်သော အုပ်ချုပ်ရေးအာဏာဖြစ်ပေါ်ရန်
အုပ်ချုပ်ရေး မဏ္ဍိုင်အား လုပ်ပိုင်ခွင့်ပိုမိုမြင့်မားစွာ အပ်နှင်းထားရလေ့ရှိပါသည်။

ဤအချက်သည် အထက်ကပြောခဲ့သော နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင်အစစ်သည်
ပြည်သူတစ်ရပ်လုံးဖြစ်သည် ဆိုသည့် အကြောင်းဖော်ပြချက်ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေများ၌ ဒုတိယ
အရေးအကြီးဆုံးအချက်
ဖြစ်ပါသည်။ သို့သော် ဤအချက်နှစ်ရပ်သည် ဝိရောဓိဖြစ်လေ့ ရှိတတ်သည်။ ပြီးခဲ့သော ဆယ်စုနှစ်များက
ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ် အစရှိသည်တို့တွင် သမ္မတနှင့် လွှတ်တော်၊ တရားသူကြီးချုပ်တို့ကြား အငြင်းပွားမှု
အကြီးအကျယ်ဖြစ်ပွားကာ စစ်တပ်မှ အာဏာဝင်ရောက် သိမ်းယူဆုံးဖြတ်မှုများ ဖြစ်ပွားခဲ့ရသည်။ နိုင်ငံရေး၊
အုပ်ချုပ်ရေးလိုအပ်မှုယနေ့ မြန်မာ့နိုင်ငံရေးတွင် လွှတ်တော်က ဥပဒေအထက်တွင် ရှိသည်။ လူများစုနှင့်
တစ်ဖက်သတ် ဆုံးဖြတ်သည်ဟု စွပ်စွဲချက်များပေါ်ပေါက်ပြီး သမ္မတဘက်မှ ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသော ဥပဒေအချို့ကို (ပြီးခဲ့သော ပထမအကြိမ် ဆဋ္ဌမပုံမှန်နှင့် ယခုသတ္တမ
ပုံမှန်အစည်းအဝေးတို့တွင် ပိုမိုသတိထားမိစရာ ထင်ရှားစွာတွေ့လာရသည်မှာ အမျိုးသား လွှတ်တော်ဥပဒေ၊
ပြည်သူ့လွှတ်တော်ဥပဒေ၊ စာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သောဥပဒေ၊ တိုင်းဒေသ ကြီး/ပြည်နယ်
လွှတ်တော်ဥပဒေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေစသည်) လက်မှတ်မထိုးခြင်း၊ ထိုးသော်လည်း
(အဂတိလိုက်စား) သတင်းထုတ်ပြန် ရှင်းလင်းခြင်း အစရှိသည်တို့ကို တွေ့လာရသည်။

ထို့ထက်ပို၍ ပြောစရာဟုဆိုရမလား၊ ကောင်းသောယှဉ်ပြိုင်မှုဟု ဆိုရမလား၊ ဆိုစရာ ဖြစ်ရသည်အချို့မှာ
လွှတ်တော်မှ ကိုယ်စားလှယ်(အမတ်)ရုံးများဖွင့်ရေးကို သမ္မတက ရပ်မိရပ်ဖရုံးများဖြင့်လည်းကောင်း၊
လွှတ်တော်
ကော်မတီများက ပြည်သူ့တိုင်စာ လက်ခံဆောင်ရွက်ပေးမှုများအား သမ္မတကပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများ
စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့ဖြင့် တိုင်စာလက်ခံဖြေရှင်းခြင်းဖြင့်လည်းကောင်းစသည်ဖြင့် စင်ပြိုင် ယှဉ်ပြိုင်

လုပ်လာခြင်းများဖြစ်ပါသည်။

လွှတ်တော်သည် ပြည်သူတို့၏ အာဏာပိုင်စိုးမှုကို လက်ခံပြသမှုဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်တို့က ယင်းအရည်အသွေးရှိကြောင်း ပြသရန်လည်းလိုအပ်ပါသည်။ ဤနေရာတွင် ချို့ယွင်းချက် အတော်များကြောင်း၊ ကြီးမားကြောင်း တွေ့ရသည်မှာ ပါတီနိုင်ငံရေးအခြေခံမှု၊ ဝါဒရေးရာ သဘောတရားရေးရာ အခြေခံမှုတို့ကို ပစ်ပယ်ထားသော လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်တင်မြှောက်ဖွဲ့စည်းထားပုံ Political Structure ကြောင့် လည်း ဖြစ်သည်။ ယင်းတွင် ခေတ်ဟောင်း၊ လူဟောင်း၊ အလေ့အကျင့်ဟောင်း
တို့အခြေခံဖွဲ့စည်းမှုကြီးမားနေသည်။ တိုင်းရင်းသား ခွဲတမ်းများစွက်ဖက်မှုကြီးသောကြောင့်လည်း ဖြစ် သည်။ သမ္မတ၏ အုပ်ချုပ်ရေးဘက်တွင်
ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်တို့ ပါဝင် ဖွဲ့စည်းပုံ Administrative Structure တွင်လည်း အလားတူ တွေ့ရသည်။ ပြောရလျှင် ပြည်သူအာဏာပိုင်စိုးပြီး အုပ်ချုပ်ရေးအာဏာထက်မြက်စေသော လုပ်ပိုင်ခွင့် ပိုမိုပေးထားရမှု တို့၌ အပြစ်အနာမရှိပါ။ ။